# မိုလိုကလိုနယ်ကိုယ်ခံပဋိပစ္စည်းအားတိုးဆေးဖြင့်ကုသခြင်းဆိုသည်မှာ အဘယ်နည်း။

သင်သည် ပြင်းထန်သော COVID-19 နာမကျန်းဖြစ်နိုင်ချေရှိပြီး သင်သည် COVID-19 အတွက် ရောဂါပိုးကိုစစ်ဆေးတွေ့ရှိပါက သို့မဟုတ် ရောဂါပိုးစမ်းသပ်တွေ့ရှိသူနှင့် နီးကပ်စွာ ထိတွေ့မိပါက၊ သင်သည် monoclonal antibody (mAb, လိုကလိုနယ်ကိုကိုယ်ခံပဋိပစ္စည်းအားဆေး) ကုသမှုကို စဉ်းစားရန်လိုပေမည်။ သင့်အသက်၊ ကျန်းမာရေး နောက်ခံရာဇဝင်နှင့် သင့်တွင် မည်မျှကြာကြာ လက္ခဏာများရှိနေသည် အပေါ် မူတည်၍ COVID-19 ကို ကုသရန် သင်သည် အရည်အချင်း ပြည့်မီနိုင်ပါသည်။

mAb ကုသမှုသည် သင့်ခန္ဓာကိုယ်အတွင်း ဆဲလ်များဝင်ရောက်ခြင်းဖြင့် COVID-19 ဖြစ်စေသော ဗိုင်းရပ်စ်များကို ပိတ်ဆို့နိုင်ပြီး သင့်ခန္ဓာကိုယ်အတွင်းရှိ ဗိုင်းရပ်စ်ပမာဏကို ကန့်သတ်နိုင်သည်။ ဆိုလိုသည်မှာ သင့်တွင် ပိုမိုပြင်းထန်သော လက္ခဏာများရှိလာသောကြောင့် ဆေးရုံတွင်ဆက်နေရန် လိုအပ်နိုင်ခြေကို လျော့နည်းသွားစေနိုင်သည်။

mAb ကုသမှုသည် အောက်ပါလူများကို ကူညီပေးနိုင်ပါသည်။

- ပိုပြင်းထန်သော လက္ခဏာတွေ ဖြစ်လာနိုင်ခြေ မြင့်မားသူများ **နှင့်**
- 7 ရက် သို့မဟုတ် ထိုထက်နည်းသောနေ့အတွင်း လက္ခဏာများနှင့်အတူ COVID-19 ရောဂါစမ်းသပ်တွေ့ရှိသူများ **သို့မဟုတ်**
- မကြာသေးမီက ရောဂါစမ်းသပ်တွေ့ရှိသူ တစ်ဦးနှင့် အနီးကပ် ထိတွေ့ဆက်ဆံဖူးသူများ

## • မိုလိုကလိုနယ်ကိုယ်ခံအားပဋိပစ္စည်း ဆိုသည်မှာ အဘယ်နည်း။

သင့်ခန္ဓာကိုယ်သည် ရောဂါပိုးများကို တိုက်ဖျက်ရန် ပဋိပစ္စည်းများကို သဘာဝအတိုင်း ပြုလုပ်သည်။ သို့သော်လည်း သင့်ခန္ဓာကိုယ်တွင် COVID-19 ဖြစ်စေသည့် SARS-CoV-2 ကဲ့သို့သော ဗိုင်းရပ်စ်အသစ် (သို့မဟုတ်) အသစ်တစ်ခုကို သိနိုင်ရန် ထုတ်ထားသည့် ပဋိပစ္စည်းများ မရှိပါ။ မိုလိုကလိုနယ်ကိုယ်ခံအားပဋိပစ္စည်း သို့မဟုတ် mAbs ကို ဓာတ်ခွဲခန်းတစ်ခုတွင် ပြုလုပ်ထားပြီး သီးခြားရောဂါပိုး (ဤနေရာတွင်၊ SARS-CoV-2) ကို တိုက်ထုတ်ကာ သင့် ကိုယ်ခံအားအတွင်း ရောထိုးပြီးတိုက်ရိုက်ပေးပါသည်။ mAb ကုသမှုသည် ပြင်းထန်သောလက္ခဏာများ သို့မဟုတ် ဆေးရုံတက်နေရပါက သင်အား ကူညီပေးနိုင်သည်။

COVID-19 အတွက် mAb ကုသမှုသည် COVID-19 ကာကွယ်ဆေးနှင့် ကွဲပြားသည်။ ကာကွယ်ဆေးသည် သင့်ခန္ဓာကိုယ်၏ သဘာဝအလျောက် ခုခံအားတုံ့ပြန်မှုကို အစပျိုးပေးသည်၊ သို့သော် ဗိုင်းရပ်စ် ကိုဆန့်ကျင်သည့် ပဋိပစ္စည်းများ လုံလောက်စွာထုတ်လုပ်ရန် ရက်သတ္တပတ်များစွာ ကြာနိုင်သည်။ ထို့ကြောင့် သင့်တွင် ဗိုင်းရပ်စ်ရှိနေပါက mAb ကုသမှုသည် သင့်ခန္ဓာကိုယ်ကို ၎င်းကိုယ်တိုင်ကာကွယ်ရန် လိုအပ်သော ပဋိပစ္စည်းများကို ထုတ်ပေးပါသည်။ mAb ကုသမှုသည် ကာကွယ်ဆေးမှ ကိုယ်ခံအားလိုအပ်ချက်ကို အစားထိုးခြင်းမရှိသော်လည်း ပြင်းထန်သော COVID-19 ဖြစ်ပွားရန် အန္တရာယ်ရှိနေပါက သင့်အား ကူညီပေးနိုင်ပါသည်။

## • မိုလိုကလိုနယ်ကိုယ်ခံပဋိပစ္စည်းအားတိုးဆေးဖြင့်ကုသခြင်းသည် ကျွန်ုပ်ကို ဖျားနာစေနိုင်သလား။

ပဋိပစ္စည်းကုသမှုများတွင် အသက်ရှင်သောဗိုင်းရပ်စ်ပိုးမပါဝင်သဖြင့် mAb ကုသမှုမှ COVID-19 ရရှိရန် အန္တရာယ်မရှိပါ။ သို့သော် ပဋိပစ္စည်းကုသမှုသည် ဘေးထွက်ဆိုးကျိုးများ ရှိနိုင်သည်။ ဖြစ်နိုင်ချေရှိသော ဘေးထွက်ဆိုးကျိုးများအကြောင်း နှင့် ၎င်းတို့ကိုတွေ့ကြုံခံစားရပါက ဘာလုပ်ရမည်နည်းကို ကျေးဇူးပြု၍ သင့်ကျန်းမာရေးစောင့်ရှောက်မှုပေးသူနှင့် ဆွေးနွေးပြောကြားပါ။

## • မိုလိုကလိုနယ်ကိုယ်ခံပဋိပစ္စည်းအားတိုးဆေးဖြင့်ကုသခြင်းအတွက် အရည်အချင်းမပြည့်မီပါက ဘာဖြစ်နိုင်မည်နည်း။

သင့်ကျန်းမာရေးစောင့်ရှောက်မှုပေးသူသည် သင်သည် mAb ကုသမှုအတွက် အရည်အချင်းမပြည့်မီဟု ဆုံးဖြတ်နိုင်ပါသည်။ ၎င်းအတွက် အကြောင်းရင်းများစွာ ရှိနိုင်သည်။ သင်သည် အရည်အချင်းပြည့်မီမှု စံနှုန်းများအားလုံးနှင့် မပြည့်မီနိုင်ပါ သို့မဟုတ် mAb ကုသမှုအတွက် သင့်အား အရည်အချင်းမပြည့်မီသော အရင်းခံကျန်းမာရေး အခြေအနေတစ်ခု ရှိနေနိုင်သောကြောင့်ဖြစ်သည်။ အခြားကုသမှုဆိုင်ရာ ရွေးချယ်စရာများအတွက် သင့်ကျန်းမာရေးစောင့်ရှောက်မှုပေးသူကို မေးမြန်းပါ။

## • မိုလိုကလိုနယ်ကိုယ်ခံပဋိပစ္စည်းအားတိုးဆေးဖြင့်ကုသခြင်းကို ဘယ်လိုရနိုင်မလဲ။

အဆင့် 1- COVID-19 ရောဂါပိုးစမ်းသပ်တွေ့ရှိပြီး ၇ ရက် သို့မဟုတ် ထိုထက်နည်းသောနေ့အတွင်း လက္ခဏာများ ရှိနေသည်။

အဆင့် 2- သင့်ကျန်းမာရေးစောင့်ရှောက်မှုပေးသူထံမှ ညွှန်းဆိုချက်ကို ရယူပါ။

အဆင့် 3- ကုသမှုရနိုင်သော ဆေးသွင်းပေးမည့်စင်တာကို ရှာပါ။

mAb ကိုလက်ခံရရှိရန် သင့်အား သင့်ကျန်းမာရေးစောင့်ရှောက်မှုပေးသူမှ ကုသမှုခံယူရန် ညွှန်းပေးပြီး ရရှိနိုင်သော ဆေးသွင်းသည့်နေရာများသို့ ညွှန်ကြားသင့်သည် သင့်တွင် ကျန်းမာရေးစောင့်ရှောက်မှုပေးသူမရှိပါက၊ Combat COVID Monoclonal Antibodies Call Center(ကိုဗစ်တိုက်ဖျက်ရေးလိုကလိုနယ်ကိုယ်ခံပဋိပစ္စည်းအားတိုးဆေးဖြင့်ကုသရေး ဖုန်းခေါ်စင်တာ) 1-877-332-6585 သို့ ဖုန်းခေါ်ဆို၍ သင့်ရောဂါလက္ခဏာများနှင့် ကုသမှုနှင့်ပတ်သက်၍ မည်သူနှင့် ဆွေးနွေးရမည်ကို ရှာဖွေပါ။

Washington State Department of Health

DOH 825-031 March 2022 Burmese

ဤစာရွက်စာတမ်းကို အခြားပုံစံဖြင့် တောင်းဆိုရန် 1-800-525-0127 သို့ခေါ်ဆိုပါ။ နားလေးသော သို့မဟုတ် နားမကြားသော သုံးစွဲသူများ၊ ကျေးဇူးပြု၍ 711 (Washington Relay) သို့ ဖုန်းခေါ်ဆိုပါ သို့မဟုတ် mailto:ecivil.rights@doh.wa.gov သို့ အီးမေးလ်ပို့ပါ။